# စလေမြို့ရှိ ၅၅၀ ဇာတကမင်စာများလေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မတင်မျိုးဟန်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်


၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် ပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်းဖြစ်ပါသည်။ ကျမ်း၏အမည်မှာ "စလေမြို့ ၅၅၀ ဇာတကမင်စာများ လေ့လာချက်"ကျမ်း ဖြစ်ပါသည်။ "စလေမြို့ ၅၅၀ ဇာတကမင်စာများ လေ့လာချက်"ကျမ်းသည် ရှေးဟောင်းစာပေ တစ်ရပ်ဖြစ်သော မင်စာ အရေးအသားကို ဖော်ထုတ် လေ့လာလိုသော ရည်ရွယ်ချက်ဖြင့် ပြုစုရခြင်း ဖြစ်ပါသည်။ ဤသုတေသနကျမ်းတွင် အလေ့လာခံ မင်စာနယ်ပယ်အဖြစ် မကွေးတိုင်း၊ ချောက်မြို့နယ်၊ စလေမြို့ရှိ၊ ငါးရာ့ငါးဆယ် ဇာတကမင်စာတို့ကို သတ်မှတ်ထားပါသည်။ စလေမြို့ရှိ ရှေးဟောင်း ဂူဘုရား (၈)ဆူမှ ငါးရာ့ငါးဆယ် ဇာတကမင်စာတို့ကို လေ့လာထားပါသည်။ ထိုငါးရာ့ငါးဆယ်ဇာတကမင်စာတို့သည် ပုဂံခေတ်နှောင်းပိုင်း မင်စာ အရေးအသားများ ဖြစ်ပါသည်။ ဤကျမ်းတွင် ငါးရာ့ငါးဆယ်ဇာတက မင်စာတို့၏ အရေးအသား ရှုထောင့်ကို လေ့လာတင်ပြထားပါသည်။ လေ့လာတင်ပြရာတွင် သဒ္ဒါအသုံး၊ စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ထုံးတို့ကို တွေ့ရှိဖော်ထုတ်ခဲ့ပါသည်။ စကားအသုံးအနှုန်းပိုင်းတွင် ပုဂံခေတ်သူ ခေတ်သားတို့၏ စကားလုံး တီထွင်ကြံဆမှု၊ တွဲစပ်မှုတို့ကို ထူးခြားစွာ တွေ့ရသောကြောင့် မြန်မာစာအရေးအသား တီထွင်ဆဲကာလ ၏ ကြိုးပမ်းအားထုတ်ချက်တို့ကိုလည်း တွေ့ရှိရပါသည်။ စလေမြို့ရှိ ငါးရာ့ငါးဆယ် ဇာတကမင်စာအရေးအသား တင်ပြထားချက်များသည် မြန်မာ ဘာသာစကား၏ ဖန်တီးသုံးစွဲမှုနှင့် ပုဂံခေတ် မြန်မာစကားပြေဖြစ်ပေါ် ပြောင်းလဲမှုတွင် အရေးပါသော စာပေယဉ်ကျေးမှု ကွင်းဆက်ကိုပါ ဖြည့်ဆည်းပေးနိုင်ပါသည်။